*Ambassador of the Republic*
*of the Union of Myanmar, Tokyo*

# ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ နှုတ်ခွန်းဆက် သဝဏ်လွှာ

ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသူ/မြန်မာနိုင်ငံသားများခင်ဗျား၊

မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အစိုးရရဲ့ တာဝန်ပေးအပ်မှုအရ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး အဖြစ် တာဝန်ထမ်းဆောင်ရန် ဂျပန်နိုင်ငံသို့ (၃၀-၁၀-၂၀၂၀) ရက်နေ့ ညပိုင်းက ရောက်ရှိပြီး (၃၁-၁၀-၂၀၂၀) ရက်နေ့ နံနက်ပိုင်းက စတင်တာဝန်ထမ်းဆောင် လျက်ရှိပါကြောင်း အသိပေးအပ်ပါတယ်။

မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ဟာ ခင်မင်ရင်းနှီးမှုရှိကြပြီး ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုအများအပြားရှိကြတဲ့ မိတ်ဆွေနိုင်ငံများ ဖြစ်ကြပါတယ်။ အစိုးရအချင်းချင်းသာမက ပြည်သူပြည်သားအချင်းချင်းပါ ချစ်ကြည်ရင်းနှီးမှု ရှိကြတဲ့ ဂျပန်နိုင်ငံမှာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခွင့် ရရှိတဲ့ အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

ဂျပန်နိုင်ငံမှာ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသူ/မြန်မာနိုင်ငံသားတွေ အနေနဲ့လည်း နိုင်ငံ့အရေးကိစ္စရပ်များ၊ မြန်မာ-ဂျပန်ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်တွေမှာ တစ်ဖက်တစ်လမ်းက ပါဝင်အားဖြည့် ဆောင်ရွက်ပေးနေကြတဲ့အပေါ်မှာလည်း အားရကျေနပ်မိပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလ ၃ ရက်နေ့ကနေ ၁၄ ရက်နေ့အထိ မြန်မာ သံရုံးက ကြီးမှူးကျင်းပပြုလုပ်ခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ပြည်ပရောက် မြန်မာနိုင်ငံသားများရဲ့ ကြိုတင်ဆန္ဒမဲ ပေးမှုမှာ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများရဲ့ တက်တက်ကြွကြွ ပါဝင်ခဲ့ကြမှု၊

မြန်မာသံရုံးနဲ့အတူ စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့မှု မြင်ကွင်းတွေဟာ ဂုဏ်ယူဖွယ်ရာကောင်းလှတာကို မြင်တွေ့ခဲ့ရပါတယ်။ အဲဒီအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီတိုင်းမှာ တာဝန်ရှိပါတယ်။ အဲဒီတာဝန်ကို ကျွန်တော်တို့အနေနဲ့ မိမိကျွမ်းကျင်မှု အပိုင်းအလိုက် ကျရာကဏ္ဍကနေ ထမ်းဆောင်သွားကြရမှာ ဖြစ်ပါတယ်။ ဒီလိုထမ်းဆောင်ရာမှာလည်း မိမိတို့အကြား ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်မှုကို ဆုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ တိုကျိုမြို့၊ မြန်မာသံရုံးအနေနဲ့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်တွေအောင်မြင်ဖို့ ပေးအပ်တဲ့ တာဝန်တွေကို ထမ်းဆောင်ရာမှာ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသူ/မြန်မာနိုင်ငံသားများရဲ့ ပူးပေါင်းဆောင်ရွက်မှုကို အလေးထား ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြမယ် ဆိုတာကိုလည်း ယုံကြည်ပါတယ်။

အခုလို ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ကစတင်ပြီး ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသူ/မြန်မာနိုင်ငံသားများ ကပ်ရောဂါဘေးမှကင်းဝေးပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစေရန်၊ လုပ်ငန်းကိုင်ငန်းများအဆင်ပြေကာ အောင်မြင်မှုများ ဆတက်ထမ်းပိုး တိုးတက်ကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ခင်မင်လေးစားမှုဖြင့်

၃၁/၁၀/၂၀

( စိုးဟန် )

သံအမတ်ကြီး

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၁ ရက်။